# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 24, 2019 Volume 20, Number 16


၂၄.၆.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၀၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၁၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၀/ကျပ် |
| CBM Rate | = ၁၅၁၉.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၉.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၁.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၄.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၅.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၃၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


# ၂၀၁၉ ခုနှစ် မေလကုန်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ် ၁၈၈၃၅ ဘီလျံကျော်ခွင့်ပြုထားပြီး လက်ရှိအစိုးရသက်တမ်း ၃၈ လ အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၇၂၁၁ ဘီလျံဝန်းကျင်ရှိလာ



၂၀၁၉ ခုနှစ် မေလကုန်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၈၈၃၅ ဘီလျံကျော်ခွင့်ပြုထားပြီး အိမ်ခြံမြေဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်မှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတို့တွင် အများဆုံးမြှုပ်နှံထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှထုတ်ပြန်ထားသော စာရင်းများအရသိရသည်။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၏လုပ်ငန်း ၁၅၇၄ ခုကို လုပ်ငန်းကဏ္ဍ ၁၁ ခုတွင် ရင်းနှီး မြှုပ်နှံခွင့်ပြုထားခြင်းဖြစ်ပြီး စုစုပေါင်း ပမာဏ ကျပ် ၁၈၈၃၅၄၇၅ ဒသမ ၆၄၇ သန်း (ကျပ် ၁၈၈၃၅ ဘီလျံကျော်) ရှိခြင်းဖြစ်သည်။

ကဏ္ဍအလိုက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုများမှာ အိမ်ခြံမြေဖွံ့ဖြိုးရေးကဏ္ဍတွင် ကျပ် ၄၁၈၂ ဒသမ ၂၉၀ ဘီလျံ (လုပ်ငန်း ၈၀)၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကျပ် ၃၄၁၂ ဒသမ ၂၅၀ ဘီလျံ (လုပ်ငန်း ၈၆၈ ခု)၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ကျပ် ၂၈၅၄ ဒသမ ၃၁၀ ဘီလျံ (လုပ်ငန်း ၅၁ ခု)၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် ကျပ် ၁၉၅၂ ဒသမ ၆၈၆ ဘီလျံ (လုပ်ငန်း ၁၆၄ ခု)၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျပ် ၁၀၇၅ ဒသမ ၁၈၃ ဘီလျံ (လုပ်ငန်း ၆၈ ခု) တို့ ဖြစ်သည်။ ထို့ပြင် စက်မှုဖွံ့ဖြိုးရေးကဏ္ဍတွင် ကျပ် ၈၆၂ ဒသမ ၉၀၃ ဘီလျံ (လုပ်ငန်း ၁၁ ခု)၊ စွမ်းအင်ကဏ္ဍတွင် ကျပ် ၆၇၆ ဒသမ ၁၂၆ ဘီလျံ (လုပ် ငန်း ၁၉ ခု)၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ကျပ် ၃၆၁ ဒသမ ၀၈၇ ဘီလျံ (လုပ်ငန်း ၈၈ ခု)၊ သတ္တု တူးဖော်ရေး ကဏ္ဍတွင် ကျပ် ၁၉၇ ဒသမ ၀၉၁ ဘီလျံ (လုပ် ငန်း ၇၁ ခု)၊ စိုက်ပျိုးရေးကဏ္ဍတွင် ကျပ် ၅၂ ဒသမ ၅၃၄ ဘီလျံ (လုပ်ငန်း ၁၃ ခု) နှင့် အခြားကဏ္ဍတွင် ကျပ် ၃၂၀၉ ဒသမ ၀၁၀ ဘီလျံ (လုပ်ငန်း ၁၄၁ ခု) ရင်းနှီးမြှုပ်နှံ ခွင့်ပြုထားကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန် (၂၀၁၆ မတ်လကုန်)အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၁၆၂၄ ဘီလျံကျော်ရှိပြီး လက်ရှိ အစိုးရတက်ရောက်ပြီး သက်တမ်း ၃၈ လတာကာလအတွင်း ကျပ် ၇၂၁၁ ဘီလျံဝန်းကျင် ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုသည် အိမ်ခြံမြေဖွံ့ဖြိုးရေးကဏ္ဍတွင် အဓိကများပြားလာခဲ့ရာ

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီမှစ၍ ယခင်ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအများဆုံးကဏ္ဍဖြစ်သော ကုန်ထုတ်လုပ်မှုကဏ္ဍကို ကျော်ဖြတ်ပြီး ထိပ်ဆုံးသို့ ရောက်ရှိလာခဲ့သည်။

နိုင်ငံသားရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရာတွင် ကင်းလွတ်ခွင့်၊ သက်သာခွင့်များရရှိရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမိန့်ရရှိရေးအတွက် သတ်မှတ်ထားသော အဆိုပြုလွှာပုံစံဖြည့်ခြင်း၊ ၎င်းအဆိုပြုလွှာကို နေပြည်တော်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခြင်းများ ဆောင်ရွက်ရကြောင်းသိရသည်။ ပြည့်စုံသော အဆိုပြုလွှာများကို အဆိုပြုလွှာ စိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးသို့ တင်ပြဆွေးနွေးခြင်း၊ အဆိုပြုလွှာ စိစစ်ရေးအဖွဲ့ အစည်းအဝေးက အတည်ပြုပါက အဆိုပြုချက်ကိုလက်ခံကြောင်း၊ ငြင်းပယ်ကြောင်း အဆိုပြုလွှာတင်သွင်းသူထံ အကြောင်းပြန်ခြင်း၊ လက်ခံပြီးသည့် အဆိုပြုလွှာနှင့်ပတ်သက်၍ ကော်မရှင်ရုံးအဖွဲ့က သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သဘောထား၊ သက်ဆိုင်ရာဝန်ကြီးဌာန သဘောထားများတောင်းခံခြင်း၊ သဘောထားမှတ်ချက် ပြည့်စုံပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က အစည်းအဝေးသို့ အဆိုပြုချက်ကိုတင်ပြဆွေးနွေးခြင်း၊ MIC အစည်းအဝေးကခွင့်ပြုကြောင်း ဆုံးဖြတ်ပါက ရင်းနှီးမြှုပ်နှံသူထံ ခွင့်ပြုမိန့်ထုတ်ပေးကြောင်းသိရသည်။

**Source:** https://news-eleven.com/article/118745

## အိန္ဒိယနိုင်ငံ၌ လျှပ်စစ်စွမ်းအင်သုံး နှစ်ဘီးတပ်နှင့် သုံးဘီးတပ်မော်တော်ယာဉ်များ ပြောင်းလဲထုတ်လုပ်ရန် အစိုးရကတွန်းအားပေးဆောင်ရွက်မည်

အိန္ဒိယနိုင်ငံ အစိုးရ၏ မူဝါဒရေးရာ ဉာဏ်ကြီးရှင်များ အဖွဲ့အစည်း (Policy Think Tank) ဖြစ်သော NITI Aayog ၏ပဉ္စမအကြိမ် အုပ်ချုပ်မှုကောင်စီ အစည်းအဝေးအား ၁၅.၆.၂၀၁၉ နေ့တွင်ကျင်းပရာ သဘာပတိဥက္ကဋ္ဌအဖြစ် ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ တက်ရောက်ခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် ၂၀၃၀ ပြည့်နှစ်နောက်ပိုင်းတွင် နှစ်ဘီးတပ်နှင့် သုံးဘီးတပ်ယာဉ်ငယ်များ အားလုံးအား လျှပ်စစ်ဓာတ်အားသုံးယာဉ်များအဖြစ်သာ ထုတ်လုပ်ရောင်းချရန် အဆိုပြုချက်ကို တင်သွင်းခဲ့ကြပါသည်။ ယခင်က NITI အဖွဲ့အစည်း၏ အမှုဆောင်အရာရှိချုပ် Amitabh Kant က အင်ဂျင်စွမ်းအား ၁၅၀ စီစီ အောက်ရှိသော စက်တပ်ယာဉ်များကို ၂၀၂၅ ခုနှစ်မှစ၍ လျှပ်စစ်ဓာတ်အားသုံးယာဉ်များ (Electric Vehicles) အဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချသင့်ကြောင်း ပြောဆိုခဲ့ရာ ယခုအခါ အစိုးရအဖွဲ့၌ မှတ်တမ်းဝင်တင်ပြချက်ဖြစ်လာပါသည်။

ကုန်းလမ်းပို့ဆောင်ရေးနှင့် အမြန်လမ်းမကြီးများ ဝန်ကြီးဌာနကလည်း ဒီဇယ်နှင့်ဓာတ်ဆီလောင်စာသုံး မော်တော်ယာဉ်များရောင်းချမှုကို ၂၀၃၀ ခုနှစ်အပြီး တဖြည်းဖြည်းချင်း လျော့ချလျက် ရပ်ဆိုင်းသွားရေး မူဘောင်တစ်ရပ်ရေးဆွဲရန်အဆိုပြုခဲ့ပါသည်။ NITI Aayog အဖွဲ့အစည်း၏ အဆိုပြုတင်ပြချက်အရ သုံးဘီးမော်တော်ဆိုင်ကယ်များအား ၂၀၂၃ ခုနှစ်မှစ၍လည်းကောင်း၊ အင်ဂျင်စွမ်းအား ၁၅၀ စီစီ အောက် နှစ်ဘီးတပ်ဆိုင်ကယ်များအား ၂၀၂၅ ခုနှစ်၌လည်းကောင်း လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များအဖြစ်သို့ ထုတ်လုပ်ရောင်းချရေး လမ်းပြမြေပုံချမှတ် ဆောင်ရွက်ရန်ဖြစ်ပါသည်။

ဤသို့ မော်တော်ယာဉ်ငယ်များအား မောင်းနှင်မှုစွမ်းအားစနစ် အသစ်သို့ ပြောင်းလဲဖေါ် ဆောင်ရန် အစီရင်ခံတင်ပြခြင်းအပေါ် အိန္ဒိယနိုင်ငံအတွင်းရှိ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း နယ်ပယ်မှ ကုမ္ပဏီများစွာက ကန့်ကွက်ပြောဆိုမှုများရှိနေပါသည်။ အထူးသဖြင့် Confederation of Indian Industry (CII) နှင့် Society of Indian Automobile Manufacturers (SIAM) တို့မှ အဖွဲ့ဝင်လုပ်ငန်းရှင်များက လက်တွေ့မဆန်သည့် ပြုပြင်ပြောင်းလဲရေးအချိန်သတ်မှတ်ချက်သည် နှစ်ဘီးနှင့် သုံးဘီးတပ် မော်တော်ယာဉ်သုံးစွဲသူများအား အဆင်မပြေဘဝင်မကျမှုများ ဖြစ်ပေါ်စေ မည့်အပြင် အလုပ်အကိုင် ၄ သန်းကျော်အား ထောက်ပံ့ပေးလျက်ရှိသည့် အိန္ဒိယ မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းကို လမ်းကြောင်းသွေဖယ်သွားစေနိုင်ကြောင်း၊ သင့်လျော်မည့် အသွင်ကူးပြောင်းဆောင်ရွက်မှုတစ်ရပ်မှာ မော်တော်ယာဉ်အုပ်စုအားလုံးအတွက် ပျမ်းမျှလောင်စာဆီ အကျိုးရှိစွာသုံးစွဲမှုကို တိုးတက်မှုရှိစေသည့် သတ်မှတ်ချက်များအား ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် အစိုးရ၏လျှပ်စစ်စွမ်းအားသုံး မော်တော်ယာဉ်များသို့ ပြောင်းလဲရန်ရှေ့ရှုခြင်းကို ထောက်ခံသော်လည်း လောင်စာဆီသုံးမော်တော်ယာဉ်များအပေါ် ပြင်းထန်သည့်ထိုးနှက်ချက်တစ်ခုဖြစ်မည်ကို မလိုလားကြောင်းပြောဆိုလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၁၉ ခုနှစ် မတ်လတွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်း ဈေးကွက်အတွက် သုံးဘီးဆိုင်ကယ် ၇ သိန်းနှင့် ၁၅၀ စီစီအောက် နှစ်ဘီးဆိုင်ကယ် ၁၉ သန်း ထုတ်လုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ နိုင်ငံအတွင်း သုံးဘီးမော်တော်ဆိုင်ကယ်များ ထုတ်လုပ်လျက်ရှိသော အီတလီကုမ္ပဏီဖြစ်သည့် Piaggio က ၎င်းတို့အနေဖြင့် လျှပ်စစ်ဓာတ်အားသုံး ယာဉ်စနစ်သို့ ပြောင်းလဲထုတ်လုပ်ရန်မှာ နည်းပညာများရှိနှင့်နေပြီးဖြစ်ကြောင်း၊ သို့ရာတွင် ယခုအသွင်ကူးပြောင်းရေးမှာ သုံးစွဲသူများကသာ အဆုံးအဖြတ်ပေးရမည့်ကိစ္စဟု ယူဆကြောင်း၊ နည်းပညာရှုထောင့်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်တို့အရ ဆိုလျှင် လျှပ်စစ်ဓာတ်အားသုံးယာဉ်အဖြစ် သုံးဘီးမော်တော်ဆိုင်ကယ်က နှစ်ဘီးတပ်ယာဉ်ထက် ပိုမိုသင့်လျော်ကြောင်းပြောကြားပါသည်။

ဤသို့ အမျိုးမျိုးကန့်ကွက် ပြောဆိုနေမှုအပေါ် ဆွေးနွေးညှိနှိုင်းလျက် မူဘောင်ချမှတ်ရန် NITI Aayog သည် အစည်းအဝေးတစ်ရပ်ကို ၂၁.၆.၂၀၁၉ နေ့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းနယ်ပယ်မှတာဝန်ရှိသူများအား တက်ရောက်ကြရန် အသိပေးထားကြောင်း သိရှိရပါသည်။ အစိုးရ၏ ယခုကဲ့သို့ မော်တော်ယာဉ်ငယ်များအား လျှပ်စစ်စွမ်းအင်သုံးယာဉ်များအဖြစ်သို့ ထုတ်လုပ်ရောင်းချရေး မူဘောင်ချမှတ်ရန် စီစဉ်မှုသည် အမှန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက သယ်ယူပို့ဆောင်ရေးတွင် လောင်စာဆီအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ပတ်ဝန်းကျင် သန့်ရှင်းသာယာမှုကိုလည်း အထောက်အကူ ပြုမည်ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်မူ ဒေသတွင်းရှိ အခြားဖွံ့ဖြိုးဆဲနိုင်ငံများသို့ အိန္ဒိယနိုင်ငံမှ လောင်စာဆီသုံး နှစ်ဘီးနှင့် သုံးဘီးတပ် မော်တော်ယာဉ် အသစ်နှင့်အဟောင်းများ ပိုမိုဝင်ရောက်လာနိုင်ဖွယ်ရာရှိပါသည်။

**စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

**Source:**

1. Niti Aayog: Niti's new road map: Only electric vehicles to be sold after 2030, 18 Jun 2019, Times of India
2. Niti Aayog calls meeting to discuss EV timeline issue after Industry Furore, 17 Jun, 2019, The Economic Times
3. PIAGGIO says the move to e-vehicles mayinconvenience industry, 17 Jun, 2019, The Economic Times

## စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းခုနစ်မျိုး နိုင်ငံတကာဈေးကွက်ချဲ့ထွင်ရေး စီးပွားကူးသန်းခွင့်ပြု

ပြည်တွင်းမှ အရည်အသွေးမြင့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းခုနစ်မျိုးကို နိုင်ငံတကာ ဈေးကွက်ချဲ့ထွင်နိုင်ရန် ပြည်ပသို့တင်ပို့ခွင့်ပြုကြောင်း မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)က သတင်းထုတ်ပြန်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုသည့် ထုတ်ကုန်ခုနစ်မျိုးသည် အသား၊ ငါး တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ၊ ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊ မျိုးစေ့များ၊ သန့်စင်ထားသော သတ္တုရိုင်းများ၊ သစ်သီးဝလံကုန်ကြမ်းများမှ တစ်ဆင့်မြှင့်ထားသော တစ်ဝက်တစ်ပျက် ကုန်ချော(သို့မဟုတ်) ကုန်ချောထုတ်ကုန်များနှင့် သစ်အခြေခံပရိဘောဂပစ္စည်းများဖြစ်သည်။ အရင်က တရားဝင်လမ်းကြောင်းတွေအရ ခွင့်ပြုထားတာမျိုးတော့မရှိပါဘူး။ အခုဟာက စီးပွားကူးသန်းကနေ တရားဝင်ခွင့်ပြုပေးလိုက်တာပါ။ အဲဒါတွေက နိုင်ငံရဲ့ တကယ့်ထွက်ကုန်တွေပဲ။ အဲဒါတွေကိုမှ ပြည်တွင်းကုမ္ပဏီတွေကပဲ ပို့ပို့၊ နိုင်ငံခြားသားတွေနဲ့ပေါင်းစပ်ပြီးတော့ပဲ ပို့ပို့ ပို့ခွင့်ပေးလိုက်တော့ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ဖြစ်သွားမှာပါဟု MRCCI အထွေထွေအတွင်းရေးမှူး ဦးဉက္ကာကျော်က ပြောသည်။

စီးပွားကူးသန်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၌ ကုန်ထုတ်လုပ်နိုင်စွမ်းမြှင့်တင်နိုင်ရေးနှင့် အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးရည်ရွယ်ပြီး အဆိုပါထုတ်ကုန်များကို ပြည်ပသို့တင်ပို့ခွင့်ပြုပေးခြင်းဖြစ်ပြီး MRCCI မှ တစ်ဆင့် လုပ်ငန်းရှင်များသိရှိစေရန် ဇွန်လ ၂၁ ရက်တွင် ပြန်လည်ထုတ်ပြန်ခဲ့ကြောင်း ၎င်းကပြောသည်။ အဓိကကတော့ အရည်အသွေးမြင့်ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့အတွက်ပဲဖြစ်ပါတယ်။ နိုင်ငံခြားကုမ္ပဏီ တော်တော်များများက ဒီမှာက ကုန်ကြမ်းပေါ်တော့ ဒီမှာလာပြီး ကုန်ချောတွေထုတ်မယ်။ ပြီးရင် နိုင်ငံတကာကို တင်ပို့ရောင်းချမယ်ပေါ့။ အဲဒါမျိုးတွေကျ ဒါမျိုးခွင့်ပြုပေးလိုက်တော့ ပိုပြီးလုပ်လို့ကောင်းတာပေါ့ဟု ဦးဉက္ကာကျော်ကပြောသည်။

Source: http://www.7daydaily.com/story/159259

## မြန်မာနိုင်ငံအတွင်းရှိ SME လုပ်ငန်းကဏ္ဍ ခုနစ်မျိုးကို ဒိန်းမတ်နိုင်ငံက ကျပ် ၁၈ ဘီလျံ ထောက်ပံ့ပေးနေဟုဆို

မြန်မာနိုင်ငံအတွင်းရှိ SME လုပ်ငန်း ကဏ္ဍခုနစ်မျိုးအား ဒိန်းမတ်နိုင်ငံမှ ကျပ်ငွေ ၁၈ ဘီလျံ ထောက်ပံ့ပေးနေကြောင်း Responsible Business Fund (RBF) Myanmar အဖွဲ့အစည်းထံမှသိရသည်။ မြန်မာနိုင်ငံမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အဆိုပါထောက်ပံ့ငွေ (Challenge Fund) ပေးအပ်ခြင်း အစီအစဉ်အား RBF Myanmar Program မှာ မြန်မာနိုင်ငံရှိ SMEs လုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှုရှိသော စီမံကိန်းများကို ငွေကြေးတစ်စိတ်တစ်ပိုင်းအား ၂၀၁၇ ခုနှစ်မှစ၍ ထောက်ပံ့ပေးနေကြောင်းသိရသည်။ RBF ဆိုတာ ဒိန်းမတ်အစိုးရကနေ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကူညီထောက်ပံ့ပေးနေတဲ့ အစီအစဉ်ထဲကတစ်ခုပါ။ မြန်မာနိုင်ငံ အတွက် မြန်မာငွေသိန်းပေါင်း ၁၈၀၀၀၀ ကျော်ကို ၂၀၁၇ ခုနှစ် စက်တင်ဘာကစပြီး ထောက်ပံ့ခဲ့တယ်။ ၂၀၂၀ ပြည့်နှစ်မှာ စီမံကိန်း ပြီးဆုံးမှာပါ။ သတ်မှတ်ထားတဲ့ ကဏ္ဍကြီးသုံးခု၊ အပိုင်းခုနစ်ခုမှာ သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့သူတွေကို ရာနှုန်းပြည့်တော့ မဟုတ်ဘူး။ သတ်မှတ်ထားတဲ့ ရာနှုန်းတွေအတိုင်း ထောက်ပံ့ပေးတာပါ။ ထောက်ပံ့ငွေဖြစ်တဲ့အတွက် အတိုးရော၊ အရင်းရော ဘာမှပေးစရာမလိုပါဘူး။ ပြည်နယ်နဲ့တိုင်း ၁၄ ခုစလုံးကို ထောက်ပံ့ပေးမှာပါ။ တစ်နှစ်ကို သုံးကြိမ်ခေါ်ဖို့ ရည်ရွယ်ခဲ့ပေမဲ့ ထောက်ပံ့ငွေရဖို့လျှောက်တဲ့ SME လုပ်ငန်းအရေအတွက် များလာတဲ့အတွက် လေးကြိမ်ခေါ်ဖြစ်သွားတယ်။ လက်ရှိပြည်နယ်နဲ့တိုင်း ၁၄ ခုမှ ထောက်ပံ့ငွေပေးထားတဲ့ SME လုပ်ငန်း ပေါင်း ၅၀၄ ခုရှိပါတယ်” ဟု RBF Myanmar Program မှ ကိုအောင်ဖြိုးချစ်ကဆိုသည်။

အဆိုပါ ထောက်ပံ့ငွေများအား ဒိန်းမတ်ပြည်သူများထံမှ အခွန်ကောက်ခံရငွေ လေးဆယ်ရာခိုင်နှုန်းအား ဒိန်းမတ်အစိုးရက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့လျက်ရှိကြောင်းသိရပြီး SME လုပ်ငန်းများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ယှဉ်ပြိုင်လိုစိတ်ရှိသောလုပ်ငန်းတစ်ခု လုပ်ကိုင်နေစဉ်အတွင်း လုပ်ငန်းလုပ်ကိုင်ရန်ငွေကြေးနှင့်နည်းပညာအခက်အခဲများ ကြုံတွေ့နေရပါက RBF မှ ငွေကြေးအထောက်အပံ့အနေဖြင့် လုပ်ငန်းကဏ္ဍ ၁၊ ၂၊ ၃ တွင်စီမံကိန်း ကုန်ကျငွေ၏ ရာခိုင်နှုန်း ၅၀ (မြန်မာကျပ်ငွေ သန်း ၅၀ အထိ) လုပ်ငန်း ကဏ္ဍ ၄၊ ၅၊ ၆၊ ၇ တွင်( မြန်မာကျပ်ငွေသန်း ၄၀အထိ)စီးပွားရေးလုပ်ငန်းတွင်အသုံးချနိုင်ရန် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စွမ်းအင်အလေအလွင့် လျှော့နည်းရေး၊ ရေအရင်းအမြစ်အသုံးချမှု၊ စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးများအသုံးချမှု၊ ကျန်းမာရေးနှင့်လုံခြုံရေး လုပ်ငန်းစဉ်များ၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကြီးကြပ်ခြင်းနှင့် ကွပ်ကဲခြင်း နည်းပညာများ၊ လက်တွေ့နှင့် ပညာရပ်ဆိုင်ရာ နည်းပညာများ စသည့်ကဏ္ဍ ခုနစ်ရပ်တွင် ထောက်ပံ့ သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒိန်းမတ်နိုင်ငံ၏ ထောက်ပံ့ကြေးအားရယူလိုပါက မြန်မာနိုင်ငံအနှံ့အပြားရှိ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ (SMEs) များအနေဖြင့် ဇူလိုင်လ ၁ ရက်နေ့မှစ၍လျှောက်ထားနိုင်ပြီး လာရောက်လျှောက်ထားသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) အနေဖြင့် လုပ်ငန်းနှင့်သက်ဆိုင်သော နည်းပညာသေချာစွာ ရွေးချယ်ထားခြင်း၊ ပစ္စည်းဝယ်ယူမည့် ကုမ္ပဏီသေချာစွာရွေးခြယ်ထားခြင်း၊ SMEs အနေဖြင့် သတ်မှတ်ထားသော ငွေကြေးထည့်ဝင်နိုင်ခြင်း စသည့်အချက်အလက်များ ပြည့်စုံရမည်ဖြစ်ကြောင်းသိရသည်။

Source:https://news-eleven.com/article/118874

## ပြည်ပဝယ်လိုအားကြောင့် စမုန်နက်နှမ်းဈေးမြင့်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ထွက် စမုန်နက်နှမ်းပြည်ပဝယ်လက်မှ ဝယ်ယူသောကြောင့် ဈေးမြောက်နေကြောင်း နှမ်းဈေးကွက်မှသိရသည်။ သမင္တင်ကျေးရွာနေ စမုန်နက်နှမ်းစိုက်တောင်သူ ဦးအောင်ငွေးက ကျွန်တော်တို့ ရေသွင်းစိုက်တဲ့ စမုန်နက်နှမ်းတွေ ရိတ်သိမ်းနေကြပါပြီ၊ အရည်အသွေးကောင်းတဲ့အပြင် နေခြောက် မိုးခြောက်ဖြစ်တဲ့အတွက် စမုန်နက် နှမ်းတစ်တင်း ကျပ် ၈၀၀၀၀ ပေါက်ဈေးရောင်းရတယ်။ အရင်နှစ်ကဆိုရင် ကျပ် ၆၇၀၀၀ ဝန်းကျင်ပဲရှိတယ်ဟု ပြောဆိုသည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်လွတ်ကျေးရွာ၊ ဝက်မစွတ်ကျေးရွာ၊ မန်မြေ ကျေးရွာ၊ ဘူးကျွန်းကျေးရွာ၊ ကျမ်းကိုင်ကျွန်း ကျေးရွာ၊ ပင်းဝကျေးရွာများ၌ စမုန်နက်နှမ်းကို အဝီစိတွင်းရေများဖြင့် စိုက်ပျိုးကြရာ အထွက်နှုန်း ကောင်းခဲ့ကြောင်း သိရသည်။ ယခုအသစ်ပေါ်တဲ့ နှမ်းကို နွေနှမ်းလို့ လည်းခေါ်ကြတယ်။ နွေမှာ စိုက်တာမို့ ခေါ် ကြတာပါ။ အထွက်ကလည်း နှမ်းတစ်ဧကကို ရှစ်တင်းဝန်းကျင်ထွက်တယ်။ လက်ရှိပေါက် ဈေးအရ တစ်ဧကစိုက်ရင် ကျပ် ခြောက်သိန်း ဝန်းကျင်ရပြီး ဧကများများစိုက်သူတွေ ပိုပြီး တွက်ခြေကိုက်တယ်ဟု ရေနံချောင်းမြို့နယ်မှ တောင်သူဦးသိန်းသိန်းက ပြောဆိုသည်။ ပြည်ပဈေးကွက် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံများသို့ စမုန်နက်နှမ်းတင်ပို့ကြသည့်အပြင် ပြည်တွင်း စားသုံးသူ ဈေးကွက်နှင့် တိုင်းရင်းဆေး ပရဆေးကုန်ကြမ်းအဖြစ် တွင်ကျယ်စွာ ရောင်းဝယ်ကြ၍ သင်္ကြန်မတိုင်မီက နှမ်းတစ်တင်းလျှင်

ကျပ် ၇၀,၀၀၀ နီးပါးရှိရာ ယခုတစ်ပတ် စမုန်နက်နှမ်းတစ်တင်းလျှင် ကျပ် ၈၀,၀၀၀ ဖြင့် ဈေးမြောက်နေကြောင်း နှမ်းဈေးကွက်မှသိရသည်။

**Source:** https://myanmar.mmtimes.com/news/124698.html

## ဗီယက်နမ်နှင့် ထိုင်းနိုင်ငံသို့ မြန်မာ့ပြောင်း တင်ပို့သည့်ဈေးကွက်ချဲ့ထွင်သွားမည်

ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် မြန်မာ့ပြောင်း တင်ပို့မှုဈေးကွက်ချဲ့ထွင်နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှဥက္ကဌ ဦးမင်းခိုင်ကပြောသည်။လက်ရှိတွင် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေပြီး ဗီယက်နမ်သို့ အနည်းငယ်တင်ပို့နေသော်လည်း ပမာဏတိုးချဲ့တင်ပို့နိုင်ရန် လာမည့်ဩဂုတ်လတွင် အဆိုပါနိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ အခုလည်း ပို့တော့ပို့နေတယ်။ ဒါပေမဲ့ ဈေးကွက်ချဲ့ထွင်ဖို့၊ ဈေးကွက်ရှာဖွေဖို့သွားဖို့ရှိတယ်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မှာရှိတဲ့ အစာထုတ်စက်ရုံနဲ့ ချိတ်ဆက်သွားမယ်။ ဗီယက်နမ်ကိုလည်း သွားလေ့လာမယ်။ ဘယ်လိုအရည်အသွေးတွေလိုအပ်လဲ။ ဘယ်လောက်ပမာဏလိုချင်လဲဆိုတာ သွားဆွေးနွေးမယ်ဟု ဦးမင်းခိုင်ကပြောသည်။ ယခင်က မြန်မာနိုင်ငံမှ ပြောင်းများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ခဲ့သော်လည်း လုံခြုံရေးတင်းကြပ်လိုက်ခြင်းကြောင့် ယခုနှစ်ဆန်းပိုင်းမှစတင်၍ပြောင်းတင်ပို့နေသည့် ဈေးကွက်မှာ ရပ်ဆိုင်းလုနီးပါးဖြစ်လာခဲ့ကြောင်းသိရသည်။ ထို့အတွက် မြန်မာ့ပြောင်းများကို တရုတ်ဈေးကွက်အစား အိမ်နီးချင်းထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့နေခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ တရုတ်ဈေးကွက်က အခုအချိန်အထိ အရောင်းအဝယ်မဖြစ်သေးဘူး။ မပြောပလောက်တဲ့ ပမာဏလေးပဲ ဖြစ်နေတာ။ ဒါ တောင် ကုန်သည်တွေ အချင်းချင်း နည်းနည်းပါးပါးဖြစ်တာ။ အခုထိုင်းကိုတော့ ပို့နေရပေမယ့် ပြည်တွင်းက ပြောင်းပိုလျှံတဲ့ပမာဏနဲ့ဆို ဈေးကွက်ချဲ့ထွင်ဖို့လိုတယ်ဟု ဦးမင်းခိုင်က ဆက်လက်ပြောကြားသည်။ မြန်မာနိုင်ငံဒေသအဝှမ်း စိုက်ပျိုးထွက်ရှိသည့် ပြောင်းအနက် ပြည်တွင်းသုံးစွဲမှုအပြင် ပိုလျှံနေသည့်ပမာဏမှာ တစ်နှစ်လျှင် တန်ချိန် ၁ သန်းခွဲဝန်းကျင်ရှိသည့်အတွက် မြန်မာ့ပြောင်း ပြည်ပတင်ပို့သည့် ဈေးကွက်တိုးချဲ့ရန်လိုအပ်ကြောင်း ၎င်းကဆိုသည်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအရ ပြောင်းထွက်ရှိမှု၏ ၃၀ ရာခိုင်နှုန်းခန့်မှာ ဧရာဝတီတိုင်းဒေသကြီးမှဖြစ်ပြီး ၇၀ ရာခိုင်နှုန်းခန့်မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းဒေသများနှင့် ကယားပြည်နယ်တို့မှ ထွက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## တရုတ်နိုင်ငံတင်ပို့မည့် သကြားတန်ချိန် ၁၂၀၀၀၀ ကို ငါးလအတွင်းတင်ပို့မည်

တရုတ်နိုင်ငံသို့တင်ပို့ရန် MOU လက်မှတ်ရေးထိုးထားသည့်သကြားတန်ချိန်၁၂၀၀၀၀ကို ငါးလအတွင်း တင်ပို့မည် ဖြစ်ပြီး တန်ချိန် ၁၀၀၀၀ ကို ကနဦးတင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းမှသိရသည်။ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ သကြားတန်ချိန် ၁၂၀၀၀၀ ရောင်းချနိုင်ရေး နှစ်ဖက်သဘောတူ စာချွန်လွှာ MOU လက်မှတ်ရေးထိုးပွဲကို ၂၀၁၉ ခုနှစ် ဇွန် ၁၂ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယူနန်ပြည်နယ်အစိုးရ၏ လတ်တလောလိုအပ်ချက်အရ စာချုပ်ပါတင်ပို့ရမည့် သကြားများ အနက် တန်ချိန် ၁၀၀၀၀ ကို ကနဦး တင်ပို့ရမည်ဖြစ်ကြောင်းသိရသည်။

နောက်ငါးလဆိုရင် ကြံအသစ်ပေါ်ပြီး သကြားအသစ်စထုတ်တော့မှာဆိုတော့ ကျန်တဲ့သကြားတွေကိုတော့ ငါးလ အတွင်း တင်ပို့သွားနိုင်ဖို့လျာထားတယ်။ အခုတန်ချိန် ၁၀၀၀၀ပို့ဖို့ကိုလဲ ဟိုဘက်ကုမ္ပဏီက ခွဲတမ်းရအောင်လုပ်နေတယ်။ တင်ပို့မဲ့သကြားတွေနဲ့ ဒီကသကြားစက်တွေကို ဟိုဘက်က လာစစ်ဆေးဦးမည်ဖြစ်ကြောင်း၊ လိုအပ်တဲ့ အရည်အသွေးရှိတဲ့ စက်ရုံတွေဖြစ်ရပါမယ်။ အခုစာချုပ်ချုပ်တဲ့သကြားတွေက ပြည်တွင်းထုတ် သကြားတွေပဲ ပို့ရမှာပါ။ Re-Export သကြားတွေ မပါဘူးဟု အဆိုပါအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေကပြောကြားသည်။

ယခုနှစ် ကြံသကြားရာသီတွင်ကျဆင်းနေသည့် ကြံသကြားကဏ္ဍမှာ ဆက်လက်၍ဆိုးရွားလာနိုင်သည့်အခြေအနေ၌ ယခုကဲ့သို့ MOU လက်မှတ်ရေးထိုးနိုင်ခြင်းကြောင့် ကြံစိုက်တောင်သူများနှင့် သကြားစက်များအတွက် အလားအလာ ကောင်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ မြန်မာနိုင်ငံတွင်၂၀၁၄-၂၀၁၅ ခုနှစ်က ကြံစိုက်ဧက ၄၄၀၀၀၀ ကျော် စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၄၅၀၀၀၀ ကျော်၊ ၂၀၁၅-၂၀၁၆ ခုနှစ်က ဧက ၃၉၀၀၀၀ ကျော် စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၃၉၀၀၀၀ ကျော်၊ ၂၀၁၆-၂၀၁၇ ခုနှစ်က ဧက ၄၀၀၀၀၀ ကျော် စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၃၇၀၀၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ ခုနှစ်က ဧက ၄၀၀၀၀၀ ကျော် စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၅၀၀၀၀၀ ကျော်ထုတ်လုပ်နိုင်ခဲ့ပြီး၊ လက်ရှိ ၂၀၁၈-၂၀၁၉ ခုနှစ် ကြံစိုက်ဧက ၄၄၀၀၀၀ကျော် စိုက်ပျိုးခဲ့ရာ သကြားတန်ချိန် ပေါင်း ၅၀၀၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း အဆိုပါအသင်းမှသိရသည်။

Source: https://www.facebook.com/myanmaeconomic/

## အိန္ဒိယသို့ ပဲစတင်တင်ပို့နေပြီဖြစ်၍ မတ်ပဲနှင့်ပဲစင်းငုံဈေးထပ်တက်နိုင်

အိန္ဒိယပဲကုမ္ပဏီ ၁၁ဝဝ ကျော်ကို မြန်မာနိုင်ငံမှ ပဲတင်သွင်းခွင့်ပြုရန် အိန္ဒိယအစိုးရက တရားဝင်ခွင့်ပြုခဲ့၍ ပဲစတင်တင်ပို့နေပြီဖြစ်ရာ မတ်ပဲနှင့်ပဲစင်းငုံများ ဈေးထပ်တက်နိုင်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ဇွန် ၂၃ ရက်တွင် စံတော်ချိန်သို့ ပြောဆိုသည်။ လက်ရှိအချိန်မှာ အိန္ဒိယအစိုးရကလည်း ကုန်သွယ်မှုရတဲ့ အိန္ဒိယပဲကုမ္ပဏီတွေကို ခွင့်ပြုလိုက်ပြီဆိုတော့ အခု စပို့နေကြပါပြီ။ ပဲတွေစပို့နေပြီဆိုတော့ နောက်ပိုင်း အဝယ်များလာမယ်ဆိုရင် ပဲဈေးကအတက်ဘက်ကိုပဲ ရှိနေပါတယ်ဟု ၎င်းကပြောဆိုသည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲတိုက်ရိုက်တင်ပို့ရာတွင် ဘဏ်စနစ်များကြောင့် အဆင်မပြေနိုင်သေးသည့်အတွက် အိန္ဒိယကုမ္ပဏီများကို အဓိကထား တင်သွင်းခွင့်ပြုခြင်းဖြစ်ကာ မြန်မာနိုင်ငံမှ ပဲတင်သွင်းခွင့်တင်ထားသည့် အိန္ဒိယပဲကုမ္ပဏီ ၆ဝဝဝ ခန့်ကိုစိစစ်ပြီး ကုမ္ပဏီ ၁၁ဝဝ ကျော်ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ လက်ရှိပဲဈေးကွက်အတွင်း မတ်ပဲ (FAQ) တစ်တန်လျှင် ကျပ် ၈၇ဝဝဝဝ၊ မတ်ပဲ(SQ)တစ်တန်လျှင် ကျပ် ၁ဝ၄ဝဝဝဝ နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ် ၉၅ဝဝဝဝ ဈေးရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ သိရသည်။ နောက်ဆုံးထားတင်ပို့ရမှာက အောက်တိုဘာ ၃ဝ ရက်လို့သိရတယ်။ အချိန်လေးလကျော်ကျော်လောက်တော့ရှိတယ်။ ကျွန်တော်တို့ဆီက တင်ပို့မှာက မတ်ပဲတစ်ခုပဲ တန်ချိန်တစ်သိန်းခွဲလုံးပေါ့။ ကျန်တဲ့ ပဲတီစိမ်းနဲ့ပဲစင်းငုံကတော့ မြန်မာနိုင်ငံအပြင် တခြားနိုင်ငံတွေကလည်း ဝယ်ယူမှုတွေ ရှိဦးမှာပါ။ ဘာပဲပြောပြော အချိန်လေးလလောက်ရတဲ့အပေါ်မှာ အထိုက်အလျောက်တော့ အဆင်ပြေမယ်လို့ ယူဆပါတယ်ဟု ဦးမင်းကိုဦးကပြောဆိုသည်။

အိန္ဒိယနိုင်ငံအစိုးရက ၂ဝ၁၇ ခုနှစ် ဩဂုတ်လမှစတင်၍ ပြည်ပပဲတင်သွင်းခွင့်ကိုကန့်သတ်ခဲ့ရာ ပဲစိုက်သည့် တောင်သူများနှင့် ပဲကုန်သည်များ အခက်တွေ့ခဲ့ကြရသည်။ ထို့ကြောင့် ပဲဈေးကွက်တည်ငြိမ်ရေးနှင့် ပဲဈေးကျဆင်းခဲ့ပါက ကောင်းမွန်စွာဖြေရှင်းနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပဲနှမ်းအသင်းကုန်စည်ဒိုင်တို့ ညှိနှိုင်းဆွေးနွေးမှု မှုကြမ်းအရ အိန္ဒိယနိုင်ငံသို့ ခွဲတမ်းစနစ် သီးသန့်ရရှိရေးတောင်းဆိုရန်၊ ပြည်တွင်း၌ ငွေကြေးလိုအပ်ချက်များအရ အက်စ်အမ်အီးချေးငွေများကို နိုင်ငံတော်အစိုးရက ချပေးနိုင်ရန်နှင့် ပဲဈေးများကျဆင်းခဲ့လျှင် ကုန်သည်များက ပဲဈေးထိန်းညှိဝယ်ယူရန်ပြင်ဆင်ခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။

Source: https://www.facebook.com/standardtimedaily/

## မြန်မာ့စိန်တလုံးသရက် ဂျာမနီနိုင်ငံကိုတင်ပို့သွားနိုင်ရန် စစ်ဆေးမှုများလုပ်နေ

မြန်မာ့စိန်တလုံးသရက်ကို ဂျာမနီနိုင်ငံကိုတင်ပို့နိုင်ရန်အတွက် အရည်အသွေးစစ်ဆေးမှုများလုပ်ဆောင်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာန ၊ ဉယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှသိရပါတယ်။ ဂျာမနီကိုတင်ပို့နိုင်ရေး အတွက် စိန်တလုံးသရက်ကို ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့် (GAP) စံနှုန်းအတိုင်း အရည်အသွေး စစ်ဆေးမှုများလုပ်ဆောင်နေတယ်လို့ ဉယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင့်နိုင်ကပြောပါတယ်။ သရက်သီးတွေကို တင်ပို့ဖို့အတွက် အရည်အသွေးတွေစစ်ဆေးနေတယ်။ GAP စံချိန်စံညွှန်းနဲ့လည်း ညီညွတ်စေဖို့အတွက် ပြည်ပနိုင်ငံတင်ပို့ဖို့ ပိုးမွှားရောဂါစစ်ဆေးနေတယ်။ အတန်းအစားတွေခွဲတယ်။ ကောင်းတဲ့အသီးတွေကို ရွေးတယ်။ မပြည့်မီတဲ့သရက်တွေကိုပယ်တယ်။

တင်ပို့နိုင်ရေးအတွက် အရည်အသွေးစစ်ဆေးခြင်း၊ ရေနွေးစိမ်ခြင် ၊ အခြောက်ခံခြင်း ၊ ပြန်လည်စစ်ဆေးခြင်းနဲ့ ပြင်ဆင်ထုပ်ပိုးမှုများ လုပ်ဆောင်နေကြောင်းလည်းသိရပါတယ်။ မြန်မာ့စိန်တလုံးသရက်တင်ပို့နိုင်ရေးကို ဉယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲနဲ့ ပြည်တွင်းပြည်ပကုမ္ပဏီများပူးပေါင်းကာ လုပ်ဆောင်သွားမှာဖြစ်ကြောင်း အဆိုပါဌာနမှသိရပါတယ်။ ယခင်နှစ်ကလည်း ဂျာမနီနိုင်ငံကို မြန်မာ့စိန်တလုံးသရက် ၁၄ဝ ကီလိုတင်ပို့ခဲ့တာဖြစ်ပြီး အခုနှစ်မှာ စိန်တလုံးသရက်ကို (၆ဝ)ကီလို နှစ်ခါခွဲကာ တင်ပို့သွားမှာဖြစ်ကြောင်း ဉယျာဉ်ခြံဟင်းသီးဟင်းရွက်နဲ့ အပင်ဇီဝနည်းပညာဌာနခွဲမှသိရပါတယ်။

Source: https://www.facebook.com/greenwaymyanmar/?ref=page_internal

## မကွေးတွင် ဈေးကွက်ဝင် မှိုစိုက်ပျိုးသူများ ဈေးကောင်းရနေ

မကွေးတွင် ဈေးကွက်ဝင် မှိုဈေးနှုန်းမြင့်တက်နေပြီး၊ မှိုစိုက်ပျိုးကြသူများ ဈေးကောင်းရ၍ ယခင်နှစ်ကထက် နှစ်ဆပိုအမြတ်ရကြောင်း မှိုစိုက်ပျိုးသူများထံမှ သိရသည်။ ဒီနှစ်အပူရှိန်မြင့်တက်နေတော့ မှိုက်စိုက်ပျိုးသူတွေနည်းသွားပြီး မှိုထွက်နှုန်းနည်းတော့ မှိုဈေးတက်တာပေါ့။ အရင်နှစ်တွေက မှိုတစ်ပိသာကို ကျပ် ၄၀၀၀ ပဲရှိတယ်။ ဒီနှစ်ကတော့ တစ်ပိသာ ကျပ် ၈၀၀၀ အထိဖြစ်သွားတယ်ဟု မကွေးမြို့ မှိုကမ္ဘာကောက်ရိုးမှို စိုက်ပျိုးရေးပိုင်ရှင် ဒေါ်ချိုမာကပြောသည်။ ယခု မိုးရာသီရောက်ရှိလာပြီး မှိုစိုက်ပျိုးသူ များပြားလာသော်လည်း လက်ကားဈေးအဖြစ် မှိုတစ်ပိသာလျှင် ကျပ် ၆၀၀၀ ခန့် ရောင်းရပြီး၊ လက်လီမှာမူ ကျပ် ၈၀၀၀ မှ ၁၀၀၀၀ အထိ ရောင်းချရကြောင်း ဒေါ်ချိုမာကဆိုသည်။ မှိုကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရန် တစ်ကျင်းလျှင် ကျပ် ၁၀၀၀၀ ခန့် ကုန်ကျပြီး မှိုပြန်ရောင်းပါက တစ်ကျင်းလျှင် ၆၀၀၀၀ ကျပ်အထိ ရနိုင်ကြောင်း သိရသည်။

ဈေးကွက်ဝင် ကောက်ရိုးမှို စိုက်ပျိုးရန် လိုအပ်သောပစ္စည်းများမှာ ဂျပ်စက္ကူ ၁၃ ပိသာ၊ ခြံသတ်ဆေး ၂ ထုပ်၊ မှိုမျိုး ၅ ထုပ်၊ မှိုပေါ်မုန်းအားဆေး ၅ ထုပ်၊ အနံကြီးပလပ်စတစ် ၅ ကိုက်။ နွားချေး ၁၃ တင်းခန့် လိုအပ်ပြီး စိုက်ပျိုးမည့်နေရာတွင် မှို တစ်ကျင်းစာ အလျား(၇)တောင် အနံ(၃)တောင်ရှိ မြေလိုအပ်ကြောင်း မှိုစိုက်ပျိုးသူ မကွေးမြို့နေ ဦးတင်ဝမ်းထံမှ သိရသည်။ ဈေးကွက်ဝင် ကောက်ရိုးမှိုကို နည်းစနစ်ကျကျ စိုက်ပျိုးတတ်ဖို့လိုပါတယ်။ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ စိုက်ပျိုးမဲ့ နေရာမှာ အလျား(၇)တောင် အနံ(၃)တောင် မျဉ်းဆွဲပါ။ မျဉ်းအပြင်မှ (၃)လက်မအကျယ် (၂)လက်မ အနက် ဘေးမြောင်း ပတ်တူးပါ။ မှိုစိုက်ခါနီးရင် ဂျပ်စက္ကူ (၁၀)ပိသာကို တစ်ညအိပ်ရေစိမ်ပါ။ ရေစိမ်ပြီး ဂျပ်စက္ကူတွေကို လက်ဝါးအရွယ်ခန့် ဆုပ်ဖြဲထားပြီး မှိုမျိုး ၅ ထုပ်ကို အခဲမကျန်အောင် ခြေမွထားရပါတယ်ဟု ဦးတင်ဝမ်းကရှင်းပြသည်။

ထို့နောက် ဈေးကွက်ဝင် ကောက်ရိုးမှို စိုက်ပျိုးရန်အတွက် ခြံသတ်ဆေး ၁ ထုပ်အား ဘောင်မျက်နှာပြင်ပေါ်သို့ ဖြူးပြီး ၁ ထုပ်အား ဘေးမြောင်းထဲသို့ဖြူးရကာ ၎င်းအပေါ်မှ နွားချေးအစို/အခြောက် ၇ တင်း ဖြန့်ခင်းရကြောင်း၊ နွားချေး ခြောက်လျှင် ရေများများလောင်းပေးပြီး ၎င်းနွားချေးများပေါ်တွင် မြောင်းနှုတ်ခမ်းအစပ်မှ ၃ လက်မခန့်ခွာပြီး ရေစိမ်ဆုပ်ဖြဲ ထားသော ဂျပ်စက္ကူများကို နေရာအနှံ့ဖြန့်ခင်း၍ ချေမွထားသော မှိုမျိုး ၅ ထုပ်ကို ဂျပ်စက္ကူပေါ်နှင့် ဘေးနှုတ်ခမ်းသား နွားချေးပေါ်တွင် နေရာအနှံ့ အထူအပါးညီစွာကျဲရပြီး ဂျပ်စက္ကူနှင့်မှိုများ မမြင်ရသည့်အထိ နွားချေးပါးပါး ၃ တင်းခန့် ဖြူးပြီး အုပ်ပြီးနောက် ရေဆယ်ဝင်ပုံး ၇ ပုံး လောင်းကာ နောက်ဆုံး ပုံးတွင် အားဆေး ၂ ထုပ်ကို ဖျော်၍ ရေပန်းကရားဖြင့် ဖြန်းရမည်ဟုသိရသည်။ ဈေးကွက်ဝင် ကောက်ရိုးမှိုကို နည်းစနစ်ကျ စိုက်ပျိုးပြီးရင် မှိုဘောင်မျက်နှာပြင်မှ အမြင့်(၁ပေခွဲ) (၁)တောင် ထားပြီး မှိုပုံပေါ်ကနေ ခေါင်တန်း/ပေါင်မိုးကိုင်း ပြုလုပ်ရပါတယ်။ အဲဒီအပေါ်မှာ ပလတ်စတစ်အုပ်ရပါတယ်။ ပလတ်စတစ်အပေါ်မှာ သက်ကယ် ဒါမှမဟုတ် ကောက်ရိုး ဒါမှမဟုတ် ဖျာကြမ်း ကာအုပ်ရပါတယ်။ ဒီလိုလုပ်ရတာက အလင်းရောင်/နေရောင် တိုက်ရိုက်မကျရအောင်လုပ်ရတာပါ။ စတင်စိုက်တဲ့နေ့မှ ၇ ရက်မြောက်နေ့မှာ မှိုသန္ဓေစေ့ ဆန်ကွဲပုံစံ မှိုမျက်နှာပြင်တစ်ပြင်လုံး မြင်ရပါမယ်ဟု ဦးတင်ဝမ်းကရှင်းပြသည်။

မှိုပျိုးသည့်နေမှ (၁၀ရက်၊ ၁၁)ရက်မြောက်သောနေ့တွင် ခူးနိုင်သည့် မှိုဉများထွက်ရှိလာပြီး ပထမအကြိမ် ထွက်လာသောမှိုများကို ခူးပြီးကုန်ပါက မှိုပုံရေခြောက်လျှင် မှိုပုံအတွင်း ဘေးမြောင်းထဲသို့ရေသွင်းပေးရပြီး မှိုပုံအမိုးအပေါ်မှ မိုးရွာသကဲ့သို့ ရေဖြန်းပေးရကာ အပူပြင်းပါက တစ်နေ့ ၃ ကြိမ်ရေလောင်းရကြောင်း၊ ထိုကဲ့သို့ပြုလုပ်ပြီးပါက မှိုများ ထပ်ထွက်လာကြောင်း၊ ဒုတိယမှိုခူးပြီးပါက ရေခြောက်လျှင် ရေဖြန်းရပြီး တတိယမှိုထပ်ထွက်လာမည်ဖြစ်ကာ မှိုပုံ သက်တမ်း စတင်စိုက်ပျိုးသည်မှ တစ်လအတွင်း မှို ၈ ပိသာမှ ၁၀ ပိသာအထိ ထွက်ရှိနိုင်ကြောင်း သိရသည်။

မကွေးမြို့တွင် ဈေးကွက်ဝင်မှိုစိုက်ပျိုးသည်မှာ ကောက်ရိုးမှိုနှင့် ငွေနှင်းမှိုဖြစ်ပြီး ငွေနှင်းမှိုမှာ ဆောင်းတွင်းသာ စိုက်ပျိုး၍ရကာ ကောက်ရိုးမှိုမှာ နှစ်ပတ်လည်စိုက်ပျိုး၍ရကြောင်း၊ စားသုံးသူများက ကောက်ရိုးမှိုအား ပို၍ နှစ်သက် စားသုံးကြောင်း မှိုစိုက်ပျိုးသူများထံမှသိရသည်။ ဈေးကွက်ဝင်မှိုစိုက်ပျိုးရာတွင် မှိုတစ်ကျင်းလျှင် မြေအကျယ် အနည်းငယ်သာလိုအပ်သဖြင့် မိမိတို့နေအိမ်ဝိုင်းထဲတွင် စိုက်ပျိုးနိုင်ကြောင်း။ စိုက်ပျိုးချိန် ၁ နာရီခန့်သာကြာပြီး အရင်းအနှီး ကျပ် တစ်သောင်းခန့် ဖြစ်သဖြင့် အပိုဝင်ငွေရလိုသူများ စိုက်ပျိုးနိုင်သည်ဟုဆိုကြသည်။

**Source: Mizzima - News in Burmese**

https://www.facebook.com/pe.aung.902/posts/613793925780104

# STOCK EXCHANGE (24.6.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 24th Jun. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 11,500 | 12,000 | 11,500 | 2,371 | 28,399,500 | 27,112,747 | 325,353 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 10,418 | 35,942,100 | 38,929,150 | 134,306 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 597 | 4,716,300 | 10,400,986 | 82,168 |
| FPB | 00004 | 24,500 | +0 | +0.00% | 24,500 | 24,500 | 24,500 | 0 | 0 | 2,472,053 | 60,565 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 2,573 | 7,759,200 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 468.52 | +0.76 | +0.16% | 458.14 | 468.52 | 458.14 | 15,959 | 76,817,100 | 5 | 639,641 |

### Index chart




## Market Overview

As of 1:00 pm, 24th Jun. 2019

| MYANPIX | 468.52 ▲ 0.76 |
|---|---|
| Total Volume (shares) | 15,959 |
| Total Value (MMK) | 77 mil |
| Listed Company | 5 |
| Market Cap. (MMK) | 639,641 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 24,500 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |